# ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီ/လေယာဉ်ဆီများကို ပြည်တွင်းတွင်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ခွင့်ပြု ထုတ်ပေးနိုင်ရန်အတွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်(SOP)

လိုင်စင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်လိုင်စင်ထုတ်ပေးခြင်း

၁။ ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်း (စက်သုံးဆီနှင့်လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) ကို လုပ်ကိုင်လိုသူသည်အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အဆိုပြုလျှောက်ထားရမည်-

(က) လိုင်စင်လျှောက်ထားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ကုမ္ပဏီ/အဖွဲ့အစည်း ဖြစ်ပါက ကုမ္ပဏီ/အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်မိတ္တူ၊

( ခ) ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

( ဂ) ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် Email Address၊

(ဃ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထား များ

(၁) ကုမ္ပဏီ၏ Profile၊

(၂) Certificate of Exporter / Importer Registration ၊

(၃) Certificate of Membership of UMFCCI (သို့မဟုတ်) ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်းဖြစ်ပါက မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေး အသင်းဝင်ကဒ်၊

(၄) ကုမ္ပဏီ၏ Form-VI နှင့် Form-XXVI၊ (DICA ၏ MYCO Website (www. myco.dica.gov.mm) တွင် တိုက်ဆိုင်စစ်ဆေးသွားမည်။)

(င) ကုန်သွယ်ရေးဦးစီးဌာနသို့ သွင်းကုန်လိုင်စင်လျှောက်ထားရန်တင်ပြသည့် စာရွက်စာတမ်း အထောက်အထားများ

(၁) တင်သွင်းမည့် စက်သုံးဆီ/လေယာဉ်ဆီများ၏ Proforma Invoice

(၂) တင်သွင်းမည့် စက်သုံးဆီ/လေယာဉ်ဆီများ၏ Packing List (ရှိပါက)

(၃) Sale Contract "မူရင်း"၊

(စ) Proforma Invoice ပါ ကုန်ပစ္စည်းတန်ဖိုးအတွက် FE Earning ရှိကြောင်း ဘဏ်ထောက်ခံချက်"မူရင်း"(သို့မဟုတ်) Proforma Invoice ကုန်ပစ္စည်းတန်ဖိုး အတွက် ကျပ်ငွေ Bank Statement "မူရင်း"၊

( ဆ) တင်သွင်းမည့် စက်သုံးဆီ/လေယာဉ်ဆီများ၏ Specification များ ၊

(စ) သိုလှောင်ကန်စခန်းများတွင် လက်ခံသိုလှောင်ဖြန့်ဖြူးမည်ဆိုပါကလက်ခံမည့် သိုလှောင်ကန်စခန်း၏ ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (သိုလှောင်ကန်စခန်းဖြင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း)မိတ္တူ၊

(ဆ) ရေယာဉ်များဖြင့်လက်ခံဖြန့်ဖြူးမည်ဆိုပါက ရေယာဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများကခွင့်ပြုထုတ်ပေးထားသည့်ခွင့်ပြုမိန့်၊ လိုင်စင်များအပါအဝင် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေကြောင်းတွင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း) မိတ္တူ၊

(ဇ) စက်သုံးဆီ/လေယာဉ်ဆီ သိုလှောင်ကန်စခန်း ငှားရမ်းအသုံးပြုမည်ဆိုပါက ရေနံနှင့်ရေနံထွက်ပစ္စည်း လုပ်ငန်းလိုင်စင် (သိုလှောင်ကန်စခန်းဖြင့်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း) မိတ္တူနှင့် သိုလှောင်ကန်ငှားရမ်းမှု အထောက်အထားစာချုပ်မိတ္တူ၊

(ဈ) အထက်အပိုဒ်ခွဲ (စ၊ဆနှင့်ဇ) ပါနည်းလမ်းများဖြင့် ဖြန့်ဖြူးခြင်းမဟုတ်ပါက အခြားဖြန့်ဖြူးမည့် နည်းလမ်းနှင့် သက်ဆိုင်သော အထောက်အထားများ

၂။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) အဆိုပြုလျှောက်ထားမှုကိုစိစစ်ပြီး ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းပြုနိုင်သည်။ အကယ်၍ လျှောက်ထားမှုကိုငြင်းပယ်ခဲ့လျှင် မည်သည့် အကြောင်းကြောင့် ငြင်းပယ်ကြောင်း လျှောက်ထားသူထံအကြောင်းကြားမည်။

၃။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်သည်လျှောက်ထားချက်အပေါ်စစ်ဆေး စိစစ်ပြီး သတ်မှတ်ချက်များ နှင့်ကိုက်ညီကြောင်းတွေ့ရှိပါက သတ်မှတ်ထားသည့် ကျသင့်သောအခ ကြေးငွေများကိုပေးသွင်းစေလျက် သက်တမ်း(၁) နှစ်ရှိ ရေနံနှင့်ရေနံထွက် ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း)ကို သက်ဆိုင်ရာလုပ်ငန်းရှင်/ကုမ္ပဏီသို့ စိစစ်ခွင့်ပြုထုတ် ပေးမည်။

လိုင်စင်သက်တမ်းတိုးခြင်း

၄။ လိုင်စင်ရရှိသူသည် လိုင်စင်ခွင့်ပြုထုတ်ပေးသည့်ရက်မှစတင်၍ လိုင်စင်သက်တမ်းမကုန်ဆုံးမီ ၂ လအတွင်း လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လျှောက် ထားရမည်-

(က) ပိုင်ရှင်၏ ကိုယ်တိုင်ရေးလျှောက်လွှာမူရင်း၊

(ခ) လိုင်စင်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်မိတ္တူ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း ဖြစ်ပါက ကုမ္ပဏီ၊ အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှုသက်သေခံလက်မှတ်မိတ္တူ၊

(ဂ) ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်၏မှတ်ပုံတင်မိတ္တူ၊

(ဃ) သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာသဘောထားမှတ်ချက်၊

(င) ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) မူရင်း၊

(စ) တင်သွင်း ဖြန့်ဖြူးရောင်းချခဲ့သည့် စက်သုံးဆီ/လေယာဉ်ဆီ နှစ်ချုပ်စာရင်း၊

၅။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည်ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) သက်တမ်းတိုးမြှင့်ခွင့်ပြုရန် တင်ပြလျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက သတ်မှတ်ထားသည့် ကျသင့်သော အခကြေးငွေများပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်း (၁)နှစ် တိုးမြှင့် ပေးမည်။

ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်း

၆။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) ပျက်စီး သို့မဟုတ်ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန သို့လျှောက်ထားရမည်-

(က) ပျက်စီး သို့မဟုတ် ပျောက်ဆုံးကြောင်းပိုင်ရှင်၏ ကတိဝန်ခံချက်မူရင်း၊

(ခ) ပျက်စီးသို့မဟုတ်ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာနယ်မြေရဲစခန်း ၏ ထောက်ခံချက်မူရင်း၊

(ဂ) ပျက်စီးသို့မဟုတ်ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းမြို့နယ်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊

၇။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်း လိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်း ဖြန့်ဖြူးခြင်းလုပ်ငန်း) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး သတ်မှတ် ချက်နှင့်ကိုက်ညီမှုရှိပါက သတ်မှတ်ထားသည့် ကျသင့်သောအခကြေးငွေများပေးသွင်းစေပြီး လုပ်ငန်း လိုင်စင်မိတ္တူမှန် ထုတ်ပေးမည်။